နောင်ခဲ(ရှေ့)ကျေးရွာ၊ နောင်ခဲကျေးရွာအုပ်စု

တောင်ကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(၂၀၂၆-၂၀၂၇)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

နောင်ခဲ(ရှေ့)ကျေးရွာ၊ နောင်ခဲကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်

**(** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၆ခုနှစ်၊ ဇွန်လ (     )ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၃ | ၄ |
| ၂ | ကျေးရွာ၏ သယံဇာတပြမြေပုံ | ၅ | ၅ |
| ၃ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | ၆ | ၆ |
| ၄ | ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၇ | ၇ |
| အပိုင်း(၁)<br>ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | | | |
| ၆ | တည်နေရာနှင့် ပထဝီအနေအထား | ၈ | ၈ |
| ၇ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၈ | ၈ |
| ၈ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၈ | ၉ |
| ၉ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၉ | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ | ၉ |
| | (ဂ) ငါးလုပ်ငန်း | ၉ | ၉ |
| | (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၉ | ၁၀ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ | ၁၀ |
| ၁၀ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၀ | ၁၀ |
| ၁၁ | ပညာရေး | ၁၀ | ၁၀ |
| ၁၂ | ကျန်းမာရေး | ၁၁ | ၁၁ |
| ၁၃ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ | ၁၁ |
| ၁၄ | ကျား-မရေးရာ | ၁၁ | ၁၂ |
| ၁၅ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၂ | ၁၃ |
| အပိုင်း (၂)<br>စီမံချက်ဆိုင်ရာအချက်အလက်များ | | | |
| ၁၆ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၄ | ၁၄ |
| ၁၇ | စီမံချက်ဆိုင်ရာ အချက်အလက်များ | ၁၅ | ၁၇ |
| နောက်ဆက်တွဲများ | | | |
| ၁၈ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၈ | ၇၅ |
| ၁၉ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၇၆ | ၇၇ |

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၆/၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၂၀၃၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်တတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်ခဲ(ရှေ့)ကျေးရွာ၊ နောင်ခဲကျေးရွာအုပ်စု
တောင်ကြီးမြို့နယ်နောင်ခဲ(ရှေ့)ကျေးရွာ၊

# ၅

# တောင်ကြီးမြို့နယ်၊သယံဇာတပြမြေပုံ



# နောင်ခဲ(ရှေ့)ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်



## နောင်ခဲ(ရှေ့)ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

**၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား**

နောင်ခဲ(ရှေ့)ကျေးရွာသည် တောင်ကြီးမြို့နယ်၏ မြောက်ဘက် (၂၇/၁)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး တောင်ကြီးမြို့နယ်မှ နောင်ခဲ (ရှေ့)ကျေးရွာအထိ ကတ္တရာလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ နောင်ခဲ(ရှေ့)ကျေးရွာသည် တောင်ပေါ်(ကုန်းမြင့်) ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ ပြောင်း၊ သနပ်ဖက်၊ စပါး၊ ကြက်သွန်ဖြူစသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေး လုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၆ မှ ၇ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာ အထောက်အကူ ပြုသည်။ ကျေးရွာတည်ရှိမှု တောင်ပေါ်(ကုန်းမြင့်) ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့်ဒေသဖြစ် ပါသည်။

**၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်**

နောင်ခဲ(ရှေ့)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီကာလတွင် အဓိကထား လုပ်ကိုင်ကြပြီး ကျန်ကာလများတွင် ရေပေါ်၍ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သော ကျေးရွာ တစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နောင်ယာဆိုင်းကျေးရွာရှိပြီး အနောက်ဘက်တွင် ထီနဲ့ကျေးရွာရှိပါသည်။ကျေးရွာ၏ တောင်ဘက်တွင် ကျောက်တလုံးကြီးမြို့ ရှိပြီး မြောက်ဘက်တွင် ခေလူးကျေးရွာရှိပါသည်။ ကျေးရွာ၏ ပတ်ပတ်လည်တွင် စိုက်ပျိုးမြေ ဧက များစွာတည်ရှိပါသည်။ ကျေးရွာအတွင်း လယ်မြေ(၂၃၅)ဧက၊ ထွန်ယက်စိုက်ပျိုးနိုင်သည့် တောင်ယာ မြေ(၇၂၃)ဧက၊ ဥယျာဉ်ခြံမြေ (၂၀၀)ဧကရှိပြီး ပြောင်း၊ သနပ်ဖက်၊ စပါးနှင့် ကြက်သွန်ဖြူ စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာ အတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**

နောင်ခဲ(ရှေ့)ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ ဘာသာရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့။ ကျန်းမာရေး(၁)၊ ပညာရေး(၁)ဖွဲ့နှင့် အပျို/လူပျိုများနှင့်ဖွဲ့စည်းထားသော လူငယ်အဖွဲ့များ၊ အခြား ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့များရှိပြီး ယခင်နှစ်တွင် UNDP အဖွဲ့အစည်းမှ မြေသြဇာထောက်ပံ့ပေးခြင်း အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခဲ့ပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစု အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးဝန်ကြီးဌာန၊ မြို့နယ် ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ နောင်ခဲ(ရှေ့)

တွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

**၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၄%သည် အလွန်ဆင်းရဲ၊ ၁၂%သည် ဆင်းရဲ၊ ၆၉ %သည် အလယ်အလတ်အိမ်ထောင်စုနှင့် ၁၅%သည် အဆင်ပြေသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှုရှိပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု အနည်းငယ်ရှိပြီး စိုက်ပျိုးရေမရရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ကိုင်နိုင်မှုမရှိဘဲ မိုးရာသီအချိန်တွင်သာ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ကြပါသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရောင်းချမှုများကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့် အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေသြဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှုနည်းပါးခြင်းများကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေး နေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြား ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

နောင်ခဲ(ရှေ့)ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ နောင်ခဲ(ရှေ့)ကျေးရွာသည် တောင်ကြားရွာဖြစ်ပြီး ရေ၊ မြေနေရာများ မရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။

**(ဂ) ငါးလုပ်ငန်း**

ဒေသအတွင်း ငါးမွေးမြူရန်ဆန္ဒရှိသော်လည်း ရေ၊ မြေနေရာများမရှိခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် အိမ်ထောင်စုမရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

နောင်ခဲ(ရှေ့)ကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၂၅၀၀ဝိ/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၁၅၀၀၀ မှ ၂၀၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင်လုပ်အားခမှာ အမြင့်ဆုံး(၂၀၀၀၀)မှ အနည်းဆုံး(၁၅၀၀၀)ကျပ်အထိ ရရှိကြပါသည်။ လုပ်အားခ

ရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှုမရှိပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ဆိုင်ကယ်ပြင်သင်တန်း၊အင်ဂျင်(ဝပ်ရှော့)ပြင်သင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများကို အနည်းငယ်တက် ရောက်ကြသော်လည်း စနစ်တကျသင်ယူမှုနည်းပါးခြင်း၊ သင်ယူလိုမှုအားနည်းခြင်းတို့ကြောင့် ထိရောက်သော ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု့ အခွင့်အလမ်းနည်းပါးပါသည်။

### (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

နောင်ခဲ(ရှေ့)ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အစိုးရဌာနမှ ထောက်ပံ့ပေးသော ချေးငွေမရရှိခြင်းကြောင့် နီးစပ်ရာ ဆွေမျိုးများထံတွင် အတိုးမဲ့ဖြင့် ချေးငှားကြပါသည်။

## ၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျေးရွာဘက်စုံသုံးခန်းမနှင့် အ.မ.ကကျောင်းရှိပြီး ကျေးရွာမှကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားသည့် (၁၀၀ပေx၂၅ပေx ၁၅ပေ) ကျောင်းဆောင်(၁)ဆောင် ရှိပါသည်။ နောင်ခဲ(ရှေ့)ကျေးရွာအထိ ကွန်ကရစ်လမ်းဖြင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများ ဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင်သွားလာရအခက်အခဲရှိ ပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း အချို့သော နေအိမ်များတွင် ဓာတ်အားလိုင်းကွန်ကရစ်မီးတိုင်များ ဆက်လက်တပ်ဆင်ရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန့်အသင့်သာ ကောင်းမွန်ပါသည်။ ကျေးရွာသူ/ သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည် ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

## ၆။ ပညာရေး

ကျွန်ုပ်တို့ကျေးရွာတွင် လက်ရှိကျောင်းတက်နှုန်း မူလတန်း (၇၀)ဦး၊ အလယ်တန်း(၁၁၀)ဦး၊ အထက်တန်း (၆၁)ဦးနှင့် တက္ကသိုလ်/ကောလိပ်(၁၀)ဦး ပညာသင်ကြားနေကြပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတတ်၊ ဖတ်တတ်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကို မဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင်ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ မူလတန်းပညာရေး မှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားလျှက် ရှိနေပါသည်။ ကျေးရွာသူ/သားများ၏ အတန်းပညာပြီးမြောက်မှု (စာတတ်မြောက်မှုနှုန်း)အနေဖြင့် အလယ်တန်းအဆင့်ရှိသူများပြားပြီး စာမတတ်သူဦးရေနည်းပါးပါသည်။

## ၇။ ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး အရေးပေါ်ကိစ္စရပ်များအတွက် (၃)မိုင်ခန့်တွင်ရှိသော ကျောက်တစ်လုံးကြီးဆေးရုံသို့လည်းကောင်း၊ တောင်ကြီးမြို့စပ်စံထွန်းဆေးရုံသို့လည်းကောင်း သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာ ရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက် ပေးလျက်ရှိပါသည်။ ဒေသတွင် သောက်ရေအတွက် အဓိကအားထားရသော စိမ့်စမ်းရေ ထွက်မရှိပါ။ သောက်သုံးရေအတွက် စည်ပင်သာယာရေးဦးစီးဌာနမှ သွယ်တန်းထားသော ရေအား အသုံးပြု လျက်ရှိပြီး အချို့သော အိမ်ထောင်စုများသည် အဝီစိတွင်းတူးဖော်၍ သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းများတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/ သားများ အတွက် အသုံးပြုရလွယ်ကူပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများကိုခံရခြင်းမရှိသော်လည်း မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် သွားလာရခက်ခဲပါသည်။ ကျေးရွာတွင် ပြောင်း၊ သနပ်ဖက်၊ ကြက်သွန်ဖြူနှင့် စပါး စိုက်ခင်း များတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားခြင်း တို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာခြင်းတို့ ဖြစ်ပေါ်လာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုမှုများပြား လာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်း ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝ ပတ်ဝန်း ကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

## ၉။ ကျား/မရေးရာ

နောင်ခဲ(ရှေ့)ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ် ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံး ကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မ အရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့် အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ

အမျိုးသားများက အမျိုးသမီးများ ထက်ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု၊ဖွံ့ဖြိုးမှု့တို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

နောင်ခဲ(ရှေ့)ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက်ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၂၆ ၂၀၂၇ | ၂၀၂၇ ၂၀၂၈ | ၂၀၂၈ ၂၀၂၉ | ၂၀၂၉ ၂၀၃၀ | ၂၀၃၀ ၂၀၃၁ |
|---|---|---|---|---|---|---|---|
| ၁ | ကုန်ထုတ်လမ်းသဲဖြန်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ကုန်ထုတ်လမ်းသဲဖြန်းခင်းခြင်း | ၂ | | √ | | | |
| ၃ | ရေပိုက်လဲလှယ်ခြင်း | ၃ | | | √ | | |
| ၄ | လမ်းဖြတ်ရေပြွန်များထည့်ခြင်း | ၄ | | | | √ | |
| ၅ | လမ်းဖြတ်ရေပြွန်များထည့်ခြင်း | ၅ | | | | | √ |

(၁၁) နောင်ခဲ(ရှေ့)ကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

| စဉ် | စီမံချက်အမည် | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ကုန်ထုတ်လမ်းသဲဖြူန်းခင်းခြင်း | ၂၀ | ၂၀ | ၂၀ | ၂၀ | ၂၀ | ၁၀၀ | ၁ |
| ၂ | ကုန်ထုတ်လမ်းသဲဖြူန်းခင်းခြင်း | ၁၉ | ၂၀ | ၂၀ | ၁၈ | ၂၀ | ၉၇ | ၂ |
| ၃ | ရေပိုက်လဲလှယ်ခြင်း | ၁၉ | ၁၉ | ၁၉ | ၁၉ | ၁၉ | ၉၅ | ၃ |
| ၄ | လမ်းဖြတ်ရေပြွန်များထည့်ခြင်း | ၁၈ | ၁၈ | ၁၉ | ၁၉ | ၁၈ | ၉၂ | ၄ |
| ၅ | လမ်းဖြတ်ရေပြွန်များထည့်ခြင်း | ၁၈ | ၁၈ | ၁၈ | ၁၈ | ၁၈ | ၉၀ | ၅ |

(၁၂) နောင်ခဲ(ရှေ့)ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

| စဉ် | အမည် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးခွန်လကြီး | ဥက္ကဌ | ၀၉-၆၈၃၄၀၂၅၉၃ | |
| ၂ | ဦးခွန်ထွန်းသာ | အတွင်းရေးမှူး | ၀၉-၆၉၉၅၀၂၂၈၇ | |
| ၃ | ဦးခွန်ထွန်းရီ | ဘဏ္ဍာရေးမှူး | ၀၉-၆၇၆၄၀၉၀၀၀ | |
| ၄ | ဦးခွန်မောင်လွတ် | စာရင်းကိုင် | ၀၉-၆၉၉၅၁၆၄၂၆ | |
| ၅ | ဒေါ်နန်းစံပန် | အဖွဲ့ဝင် | ၀၉-၆၈၇၈၅၂၇၉၇ | |
| ၆ | ဒေါ်နန်းမမိုး | အဖွဲ့ဝင် | ၀၉-၆၆၄၁၉၄၁၄၁ | |
| ၇ | ဒေါ်နန်းနိန်းလာ | အဖွဲ့ဝင် | ၀၉-၆၈၂၇၆၀၀၉၉ | |

နောင်ခဲ(ရှေ့)ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

| စဉ် | အမည် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးခွန်လကြီး | ဥက္ကဌ | ၀၉-၆၈၃၄၀၂၅၉၃ | |
| ၂ | ဦးခွန်ထွန်းရီ | ဘဏ္ဍာရေးမှူး | ၀၉-၆၇၆၄၀၉၀၀၀ | |
| ၃ | ဦးခွန်မောင်လွတ် | စာရင်းကိုင် | ၀၉-၆၉၉၅၁၆၄၂၆ | |

# စီမံချက်ဆိုင်ရာ အချက်အလက်များ

## စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )

| | |
|---|---|
| ကျေးရွာ<br>ကျေးရွာအုပ်စု<br>မြို့နယ်<br>တိုင်း/ပြည်နယ် | - နောင်ခဲ(ရှေ့)ကျေးရွာ<br>- နောင်ခဲကျေးရွာအုပ်စု<br>- တောင်ကြီးမြို့နယ်<br>- ရှမ်းပြည်နယ်(တောင်ပိုင်း) |
| **စီမံချက်အမည်** | **-** ကုန်ထုတ်လမ်းသဲမြှန်းခင်းခြင်းလုပ်ငန်း |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအန<br>လက်ရှိကျေးရွာ၏ သုံးစွဲနေသော ကျေးရွာကုန်ထုတ်လမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီကာလတွင်သွားလာရန်ခက်ခဲပါသဖြင့် ကုန်ထုတ်လမ်းသဲမြှန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ရခြင်းဖြစ်ပါသည်။ | |
| စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>ကျေးရွာ၏ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပါသည်။ | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ)<br>ကျေးရွာတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေခြင်းဖြင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍ များတိုးတက်လာစေရန် မျှော်မှန်းပါသည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )<br>သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာများနှင့် ပူးပေါင်း၍ ကျေးရွာပြည်သူ ထည့်ဝင်ငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ရွာသူ/သားများ၏ လုပ်အားများဖြင့် ပူးပေါင်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့် အောင်မြင်စွာပြီးစီးရေးအတွက် စီမံကိန်း လုပ်ငန်း အား အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ | |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅၀၀၀၀၀၀/-(ငွေသား)<br>• ၄၈၀၀၀၀၀/-(ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၄၆၂ | ၄၇၆ | ၉၃၈ | ၃၅ | ၁၆၅ | ၂၈ | ၉ | ၂၃၇ |
| အကျိုးခံစားမည့်သူ ဦးရေ | ၄၆၂ | ၄၇၆ | ၉၃၈ | ၃၅ | ၁၆၅ | ၂၈ | ၉ | ၂၃၇ |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း( များ )**

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - ၁၂-၅-၂၀၂၆

**(၃) စီမံချက် ပြီးစီးမည့် အချိန်** - ၁၅- ၆ -၂၀၂၆

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသား များ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ကျေးရွာအတွက် လိုအပ်သော ကျေးရွာအဝင်လမ်းကွန်ကရစ်လမ်းအတွက် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှတာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူ များမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃၀ | ၄၈ | ၇၈ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၇ | ၆၀ | ၁၀၇ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၀ | ၂၀ | ၇၀ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၇၀ | ၄၀ | ၁၁၀ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၃ | ၂၀၀ | ၄၂၃ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇၀ | ၈၀ | ၁၅၀ | - | - |
| စုစုပေါင်း | | ၄၉၀ | ၄၄၈ | ၉၃၈ | - | - |
| စုစုပေါင်း အိမ်ထောင်စု | | ၂၃၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ နှောင်ခဲ(ရှေ့)ကျေးရွာသည် အိမ်ထောင်စု(၂၃၇)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၉၃၈)ဦး ရှိပါသည်။ အဆိုပါ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၄၂၃)ဦးရှိ၍ အသက်(၁၄)နှစ် အောက် (၃၆၅)ဦးရှိပြီး သက်ကြီးရွယ်အို(၁၅၀)ဦးရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများသောကြောင့် ကျေးရွာတွင် လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက် မှုအားကောင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၃၇ | ၂၅၀ | ၃၇ | ၃၇ | ၅၄ | - | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | - | - | - | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၂၃၇ | ၂၅၀ | ၃၇ | ၃၇ | ၅၄ | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ နောင်ခဲ(ရှေ့)ကျေးရွာ၏ အိမ်ထောင်စုပေါင်း(၂၃၇)သည် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ပြင်ပသို့ သွားရောက် လုပ်ကိုင်သည့် အိမ်ထောင်စုမှာ(၄၅)စု၊ ဦးရေ(၆၀)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ(၃၇)စုရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် ကျား/မ လုပ်အားခများ ပေးချေရာတွင် ကွာဟမှု အနည်းငယ်ရှိပါသည်။ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် လက်သမား/ပန်းရံ လုပ်ငန်းများတွင်လည်း ကျား/မ လုပ်အားခ ပေးချေမှုမှာ ကွာဟမှု အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

(၈)  သဘာဝရင်းမြစ်များ

(၈-၁)  စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၃၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၇၂၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၀၀ | ကောင်း ☑ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ(ကျွန်းမျှော) | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စုစုပေါင်း | ၁၁၅၈ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းသာအဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးမြေကေများပိုင်ဆိုင်ထားသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာမှအိမ်ထောင်စု အများစုသည် တောင်ယာမြေများ အများစုပိုင်ဆိုင်ကြပြီး အခြားသော မြေလွတ်မြေရိုင်းများ ပိုင်ဆိုင်သူမရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေး ရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေး ရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်ပေါ်ဒေသတွင် တည်ရှိသောကျေးရွာဖြစ်သဖြင့် အခြား ကျောက်၊ သဲများ ကျေးရွာအနီးနားတွင် အသင့်အတင့်တွေ့ရှိရသော်လည်း အသုံးပြု၍မရပါ။ အခြား သော သဘာဝအရင်းအမြစ်ဖြစ်သော ဆေးဘက်ဝင်အပင်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိ ရမှုနည်းပါးပါသည်။ ကျေးရွာအနီးနားတွင် စိမ့်စမ်းရေများထွက်ရှိ၍ စိုက်ပျိုးရေနှင့် သောက်သုံးရေ များအတွက် အသုံးပြု၍ ရပါကြောင်း တွေ့ရှိရပါသည်။ မြေအောက်ရေအသုံးပြု အခက်အခဲမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | အသင့်အတင့် | များ | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | အသင့်အတင့် | ညံ့ | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၅ | ၁၆၅ | ၂၈ | ၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစု သည် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများကို အသင့်သင့် တွေ့ရှိရပြီး မပြေလည်သော အိမ်ထောင်စု အဆင့်(၃)နှင့် (၄)သည် စုစုပေါင်း(၃၇)စုရှိကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
